SUSTAINABLE DEVELOPMENT GOALS




## Goal 1: End poverty in all its forms everywhere

- Globally, the number of people living in extreme poverty has declined by more than half from 1.9 billion in 1990. However, 836 million people still live in extreme poverty. About one in five persons in developing regions lives on less than $1.25 per day.
- Southern Asia and sub-Saharan Africa are home to the overwhelming majority of people living in extreme poverty.
- High poverty rates are often found in small, fragile and conflict-affected countries.
- One in four children under age five in the world has inadequate height for his or her age.

SUSTAINABLE DEVELOPMENT GOALS

1 ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး

## ပန်းတိုင် (၁) နေရာတိုင်းတွင် ဆင်းရဲနွမ်းပါးမှု ပုံစံအမျိုးမျိုး အဆုံးသတ်ရေး

- တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ကြည့်လျှင် အလွန်အမင်းဆင်းရဲ နွမ်းပါးစွာဖြင့်နေထိုင်ကြရသူများ အရေအတွက်သည် ၁၉၉၀ ပြည့်နှစ်တွင် ၁.၉ ဘီလီယံရှိရာမှ ထက်ဝက်ကျော် လျော့နည်း ကျဆင်း သွားပါသည်။ သို့သော် လူဦးရေ ၈၃၆ သန်းမှာ ဆင်းရဲ နွမ်းပါးစွာဖြင့် နေထိုင်နေကြရဆဲဖြစ်ပါသည်။

- တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ကြည့်လျှင် အလွန်အမင်းဆင်းရဲနွမ်းပါးစွာဖြင့်နေထိုင်ကြရသူများ အရေအတွက်သည် ၁၉၉၀ ပြည့်နှစ်တွင် ၁.၉ ဘီလီယံရှိရာမှ ထက်ဝက်ကျော် လျော့နည်းကျဆင်း သွားပါသည်။ သို့သော် လူဦးရေ ၈၃၆ သန်းမှာ ဆင်းရဲနွမ်းပါးစွာဖြင့် နေထိုင်နေကြရဆဲဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲဒေသများတွင် လူဦးတွင် တစ်ဦးမှာ တစ်နေ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၁.၂၅ ထက်လျော့နည်းစွာဖြင့် ရှင်သန်ရပ်တည်နေကြရပါသည်။
- တောင်ပိုင်း အာရှဒေသနှင့် အာဖရိက ဆာဟာရဒေသခွဲ တို့မှာ အလွန်အမင်းဆင်းရဲနွမ်းပါးစွာဖြင့် နေထိုင်ကြရသူများ အများစုနေထိုင်ရာ ဒေသများဖြစ်ကြပါသည်။
- သေးငယ်သော၊ ထိရှလွယ်သော၊ ပဋိပက္ခဒဏ်ခံစားနေရသော တိုင်းပြည်များတွင် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားသည်ကို အများအားဖြင့် တွေ့ရှိကြပါသည်။
- ကမ္ဘာပေါ်တွင် အသက် ၅ နှစ်အောက် ကလေး ၄ ဦးတွင် တစ်ဦးသည် ၎င်း၏အသက်အရွယ်တွင် ရှိရမည့် အရပ်အမြင့် မပြည့်မီသည်ကို တွေ့ရှိရပါသည်။

SUSTAINABLE DEVELOPMENT GOALS

2 ZERO HUNGER

## Goal 2: End hunger, achieve food security and improved nutrition and promote sustainable agriculture

- Globally, the proportion of undernourished people in the developing regions has fallen by almost half since 1990, from 23.3% in 1990 - 1992 to 12.9% in 2014 - 2016. However, one in nine people in the world today (795 million) are still undernourished.
- The vast majority of the world's hungry people live in developing countries, where 12.9% of the population is undernourished.
- Asia is the continent with the hungriest people – two-thirds of the total. The percentage in southern Asia has fallen in recent years, but in western Asia it has increased slightly.
- Sub-Saharan Africa is the region with the highest prevalence (percentage of population) of hunger. About one person in four there is undernourished.
- Poor nutrition causes nearly half (45%) of deaths in children under five – 3.1 million children each year.
- One in four of the world's children suffer stunted growth. In developing countries the proportion rises to one in three.
- 66 million primary school-age children in developing countries attend classes hungry, with 23 million in Africa alone.
- Agriculture is the single largest employer in the world, providing livelihoods for 40% of today's global population. It is the largest source of income and jobs for poor rural households.
- 500 million small farms worldwide, most still rain fed, provide up to 80% of food consumed in a large part of the developing world. Investing in smallholder farmers is an important way to increase food security and nutrition for the poorest, as well as food production for local and global markets.

SUSTAINABLE DEVELOPMENT GOALS

2 ငတ်မွတ်ခေါင်းပါးမှု မရှိရေး

## ပန်းတိုင်(၂) ငတ်မွတ်ခေါင်းပါးမှုအဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အဟာရပြည့်ဝရေး နှင့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ကြည့်လျှင်ဖွံ့ဖြိုးဆဲဒေသများရှိ အဟာရချို့တဲ့သောသူများ အချိုး အစားသည် ၁၉၉၀ ပြည်နှစ်မှစ၍ ထက်ဝက်နီးပါးခန့် ကျဆင်းသွားပါသည်။ ၁၉၉၀-၁၉၉၂ ခုနှစ်တွင် ၂၃.၃% ရှိရာမှ ၂၀၁၄-၂၀၁၆ ခုနှစ်တွင် ၁၂.၉% သို့ ကျဆင်းသွားပါသည်။

သို့သော် ယနေ့အချိန်တွင် ကမ္ဘာပေါ်ရှိ လူ ၉ ဦးတွင် တစ်ဦး (၇၉၅ သန်း) သည် အဟာရချို့တဲ့မှု ရှိနေဆဲဖြစ်ပါသည်။

- ကမ္ဘာပေါ်ရှိ ငတ်မွတ်ခေါင်းပါးမှုဒဏ်ခံစားနေရသော ပြည်သူအများစုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြပါသည်။ အဆိုပါနိုင်ငံများရှိ လူဦးရေ ၁၂.၉% မှာ အဟာရ ပြည့်ဝစွာ မရရှိကြပါ။
- အာရှသည် ငတ်မွတ်ခေါင်းပါးမှုဒဏ် အများဆုံးခံစားနေကြရသော ပြည်သူများ ရှိသည့် တိုက်ကြီးတစ်ခုဖြစ်ပါသည် - စုစုပေါင်းလူဦးရေ၏ သုံးပုံနှစ်ပုံ ရှိပါသည်။ တောင်အာရှဒေသ၏ ရာခိုင်နှုန်းများ မကြာသေးမီနှစ်များအတွင်း ကျဆင်းသွားပါသည်။ သို့သော် အနောက်အာရှဒေသတွင် ယင်းရာခိုင်နှုန်းမှာ အနည်းငယ် တိုးလာပါသည်။
- အာဖရိကတိုက်ရှိ ဆာဟာရဒေသခွဲသည် ငတ်မွတ်ခေါင်းပါးမှု ဖြစ်ပွားမှုနှုန်း အမြင့်မားဆုံး (လူဦးရေ ရာခိုင်နှုန်းအရ) ဒေသဖြစ်သည်။ လူ ၄ ဦးတွင် ၁ ဦးခန့်သည် အဟာရ ပြည့်ဝမှု မရှိကြပါ။
- အဟာရ ချို့တဲ့မှုကြောင့် ၅ နှစ်အောက်ကလေးများတွင် သေဆုံးမှု ထက်ဝက်ခန့် (၄၅%) ဖြစ်ပေါ်စေပါသည် - နှစ်စဉ် ကလေးသူငယ် ၃.၁ သန်း သေဆုံးလျက်ရှိပါသည်။
- ကမ္ဘာပေါ်ရှိ ကလေးငယ်များ ၄ ဦးတွင် ၁ ဦးသည် ဖွံ့ဖြိုးမှုအဆင့် နိမ့်ကျမှုကို ခံစားနေကြရပါသည်။ ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် အဆိုပါ အချိုးအစားမှာ ၃ ဦးလျှင် ၁ ဦးနှုန်းထိ မြင့်မားပါသည်။
- ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မူလတန်းအရွယ်ကလေးငယ် ၆၆ သန်းသည် အစားအစာချို့တဲ့စွာဖြင့် ကျောင်း တက်နေကြရပါသည်။ အာဖရိကတိုက် တစ်ခုထဲတွင် ၂၃ သန်း ရှိပါသည်။
- စိုက်ပျိုးရေးကဏ္ဍသည် ကမ္ဘာပေါ်တွင် အလုပ်အကိုင် အများဆုံး ခန့်ထားပေးသည့် တစ်ခုတည်းသော ကဏ္ဍကြီးဖြစ်သည်။ ယနေ့ ကမ္ဘာ့လူဦးရေ၏ ၄၀% အတွက် အသက်မွေးဝမ်းကြောင်းလုပ် ငန်းကြီးတစ်ခုဖြစ်ပါသည်။ ယင်းသည် ဆင်းရဲနွမ်းပါးသော ကျေးလက်အိမ်ထောင်စုများအတွက် အကြီးမားဆုံး ဝင်ငွေနှင့်အလုပ်အကိုင်အရင်းအမြစ်လည်း ဖြစ်ပါသည်။
- မိုးရေကို အများအားဖြင့် မီခိုအားထားဆဲဖြစ်သော ကမ္ဘာပေါ်ရှိ လယ်ယာမြေ အသေးစား သန်း ၅၀၀ တို့သည် ဖွံ့ဖြိုးဆဲဒေသအများစုတွင် စားသုံးနေကြသော စားနပ်ရိက္ခာ၏ ၈၀%အထိ ဖြည့်ဆည်းပေးပါသည်။ လယ်ယာမြေအနည်းနယ်သာပိုင်ဆိုင်သော လယ်သမားများအတွက် ရင်းနှီး မြှုပ်နှံမှုပြုလုပ်ခြင်းသည် အဆင်းရဲဆုံး ပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံမှုကိုသာမက ဒေသန္တရနှင့် ကမ္ဘာ့ဈေးကွက်များအတွက် စားနပ်ရိက္ခာထုတ်လုပ်မှုကိုလည်း တိုးတက်စေသည့် အရေးပါသော နည်းလမ်းတစ်ခုဖြစ်ပါသည်။

SUSTAINABLE DEVELOPMENT GOALS

3 GOOD HEALTH AND WELL-BEING

## Goal 3: Ensure healthy lives and promote well-being for all at all ages

### Child health

- 17,000 fewer children die each day than in 1990, but more than six million children still die before their fifth birthday each year.
- Since 2000, measles vaccines have averted nearly 15.6 million deaths.
- Despite global progress, an increasing proportion of child deaths are in sub-Saharan Africa and Southern Asia. Four out of every five deaths of children under age five occur in these regions.

Maternal health

- Globally, maternal mortality has fallen by almost 50% since 1990.
- In Eastern Asia, Northern Africa and Southern Asia, maternal mortality has declined by around two-thirds. But, the maternal mortality ratio – the proportion of mothers that do not survive childbirth compared to those who do – in developing regions is still 14 times higher than in the developed regions.
- Only half of women in developing regions receive the recommended amount of health care.

HIV/AIDS

- By 2014, there were 13.6 million people accessing antiretroviral therapy, an increase from just 800,000 in 2003.
- New HIV infections in 2013 were estimated at 2.1 million, which was 38% lower than in 2001.
- At the end of 2013, there were an estimated 35 million people living with HIV.
- At the end of 2013, 240,000 children were newly infected with HIV.

SUSTAINABLE DEVELOPMENT GOALS

3 ကောင်းမွန်သောကျန်းမာရေး စောင့်ရှောက်မှု ရရှိရေး

## ပန်းတိုင်(၃) သက်ရှုယ်မရွေး လူတိုင်းစေ့ ကျန်းမာရေး နှင့် သာယာပပြောရေး

ကလေးကျန်းမာရေး

- နေ့စဉ် ကလေးသူငယ်သေဆုံးမှုသည် ၁၉၉၀ ပြည့် နှစ်ကထက် ၁၇၀၀၀ ပိုမိုလျော့နည်းလာခဲ့သည်။ သို့သော် ကလေးသူငယ် ၆ သန်းကျော်သည် အသက် ၅ နှစ်မပြည့်ခင် နှစ်စဉ် သေဆုံး နေကြဆဲ ဖြစ်သည်။
- ၂၀၀၀ ပြည့်နှစ်မှစ၍ ဝက်သက်ကာကွယ်ဆေးသည် သေဆုံးမှု ၁၅.၆ သန်းနီးပါးကို ရှောင်လွှဲပေးခဲ့ပါသည်။
- တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တိုးတက်မှုများ ရှိလာသော်လည်း အာဖရိကတိုက် ဆာဟာရဒေသခွဲနှင့် တောင်ပိုင်း အာရှဒေသတို့တွင် ကလေးသေဆုံးမှုအချိုးအစားသည် တိုးတက်များပြားလာပါသည်။ ၅ နှစ်အောက်ကလေးသေဆုံးမှု ၅ ဦးတွင် ၄ ဦးသည် အဆိုပါ ဒေသများမှ ဖြစ်ပါသည်။

မိခင်ကျန်းမာရေး

- တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြည့်ပါက မိခင်သေဆုံးမှုသည် ၁၉၉၀ ပြည့်နှစ်မှစ၍ ၅၀% နီးပါးခန့် ကျဆင်းလာပါသည်။
- အရှေ့အာရှဒေသ၊ မြောက်အာဖရိက နှင့် တောင်ပိုင်းအာရှဒေသတို့တွင် မိခင်သေဆုံးမှုသည် သုံးပုံနှစ်ပုံခန့် ကျဆင်းလာပါသည်။ သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မိခင်သေဆုံးမှုအချိုး - ကလေးမွေးဖွားချိန်တွင် မိခင်အသက်ရှင်မှုနှင့်နှိုင်းယှဉ်ကြည့်ပါက သေဆုံးမှု အချိုး - သည် ဖွံ့ဖြိုးပြီးဒေသများ ထက် ၁၄ ဆ ပိုမို မြင့်မားနေဆဲ ဖြစ်ပါသည်။
- ဖွံ့ဖြိုးဆဲဒေသများရှိ အမျိုးသမီးထက်ဝက်မျှသာ ထောက်ခံချက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှု ရရှိပါသည်။

အိတ်ချ်အိုင်ဗီ/ အေအိုင်ဒီအက်စ်

- ၂၀၁၄ ခုနှစ်တွင် ရောဂါထိန်းချုပ်ကုသမှု လက်ခံရရှိမှုသည့် အရေအတွက်သည် ၁၃.၆ သန်းထိရှိခဲ့ပြီး၊ ၂၀၀၃ ခုနှစ်တွင် ရရှိသော ၈၀၀၀၀၀ ထက်စာလျှင် တိုးတက်လာမှုတစ်ရပ်ပင် ဖြစ်ပါသည်။
- ၂၁၀၃ ခုနှစ်တွင် အိတ်ချ်အိုင်ဗီ ကူးစက်ခံရသည့် အရေအတွက်သည် ခန့်မှန်းခြေအားဖြင့် ၂.၁ သန်း ရှိပြီး၊ ယင်းပမာဏသည် ၂၀၀၁ ခုနှစ်ကထက် ၃၈% လျော့နည်းသွားခြင်းဖြစ်ပါသည်။
- ၂၀၁၃ ခုနှစ်အကုန်တွင် အိတ်ချ်အိုင်ဗီရောဂါပိုးရှိသူ ခန့်မှန်းခြေအားဖြင့် ၃၅ သန်း ရှိပါသည်။
- ၂၀၁၃ ခုနှစ်အကုန်တွင် ကလေးသူငယ် ၂၄၀၀၀၀ အိတ်ချ်အိုင်ဗီ ထပ်မံ၍ ကူးစက်ခံရပါသည်။

SUSTAINABLE DEVELOPMENT GOALS

4 QUALITY EDUCATION

## Goal 4: Ensure inclusive and equitable quality education and promote lifelong learning opportunities for all

- Enrolment in primary education in developing countries has reached 91%, but 57 million children remain out of school.
- More than half of children who have not enrolled in school live in sub-Saharan Africa.
- An estimated 50% of out-of-school children of primary school age live in conflict-af fected areas. Children in the poorest households are 4 times as likely to be out of school as children in the richest households.
- The world has achieved equality in primary education between girls and boys, but few countries have achieved that target at all levels of education.
- Among youth aged 15 to 24, the literacy rate has improved globally from 83 per cent to 91 per cent between 1990 and 2015.

SUSTAINABLE DEVELOPMENT GOALS

4 အရည်အချင်းပြည့်ဝသော ပညာရေးရရှိရေး

## ပန်းတိုင်(၄) လူသားအားလုံးအကျုံးဝင်မှုရှိကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာ သင်ယူနိုင်ရေး နှင့် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလန်း ရရှိရေး

- ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မူလတန်းပညာရေး ကျောင်းအပ်နှံမှုသည် ၉၁% ထိ ရောက်ရှိလာပါသည်။ သို့သော် ကလေးသူငယ် ၅၇ သန်းမှာ စာသင်ကျောင်းပြင်ပတွင် ရှိနေကြဆဲဖြစ်ပါသည်။
- ကျောင်းအပ်နှံမှုမရှိသေးသော ကလေးများထဲမှ ထက်ဝက်ကျော်သည် အာဖရိကတိုက်ရှိ ဆာဟာရ ဒေသခွဲတွင် နေထိုင်ကြသူများ ဖြစ်ပါသည်။
- မူလတန်းပညာသင်ကြားသော အသက်အရွယ်ရောက်ရှိနေပြီး ကျောင်းတက်ရောက်ခြင်းမရှိသော ကလေးငယ်များ၏ ၅၀% ခန့်သည် ပဋိပက္ခဒဏ်ခံစားနေရသော ဒေသများတွင် နေထိုင်ကြသူများ ဖြစ်ပါသည်။ ချမ်းသာသောအိမ်ထောင်စုများရှိ ကလေးငယ်များထက်စာလျှင် ဆင်းရဲသောအိမ်ထောင်စုများရှိ ကလေးငယ်များသည် ကျောင်းတက်ရောက်မှုမရှိခြင်းတွင် ၄ ဆခန့် ပိုမို များပြား ပါသည်။
- ကမ္ဘာပေါ်တွင် မူလတန်းပညာရေးကဏ္ဍတွင် မိန်းကလေးများနှင့် ယောကျာ်းလေးများကြား၌ တန်းတူညီမျှမှု ရရှိလာခဲ့ပြီးဖြစ်ပါသည်။ သို့သော် ပညာရေးကဏ္ဍအဆင့်မျိုးစုံ၌ ယင်းရည်မှန်းချက် ကို ပြည့်မီသည့် နိုင်ငံအနည်းငယ်သာရှိပါသည်။
- ကမ္ဘာတစ်ပှမ်းလုံးရှိ အသက် ၁၅ မှ ၂၄ နှစ်ကြား လူငယ်များကြားတွင် စာတတ်မြောက်မှုနှုန်းမှာ ၁၉၉၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကြား၌ ၈၃ ရာခိုင်နှုန်းမှ ၉၁ ရာခိုင်နှုန်း အထိ တိုးတက်လာခဲ့ပါသည်။

United Nations

SUSTAINABLE DEVELOPMENT GOALS

5 GENDER EQUALITY

## Goal 5: Achieve gender equality and empower all women and girls

- In Southern Asia, only 74 girls were enrolled in primary school for every 100 boys in 1990. By 2012, the enrolment ratios were the same for girls and for boys.
- In sub-Saharan Africa, Oceania and Western Asia, girls still face barriers to entering both primary and secondary school.
- Women in Northern Africa hold less than one in five paid jobs in the non-agricultural sector.
- In 46 countries, women now hold more than 30% of seats in national parliament in at least one chamber.

SUSTAINABLE DEVELOPMENT GOALS

5 ကျား-မ တန်းတူညီမျှမှုရှိရေး

## ပန်းတိုင်(၅) ကျား-မ တန်းတူညီမျှမှု ရရှိရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအားလုံး စွမ်းပကား တိုးမြှင့်စေရေး

- အာရှတိုက်တောင်ပိုင်းတွင် ၁၉၉၀ ခုနှစ်၌ ယောကျာ်းလေး ၁၀၀ ဦး တိုင်းတွင် မိန်းကလေး ၇၄ ဦးသာ မူလတန်းပညာသင်ကြားရေး ကျောင်းအပ်နှံမှုရှိပါသည်။ ၂၀၁၂ ခုနှစ်တွင် ကျောင်းအပ်နှံမှု အချိုးမှာ မိန်းကလေးများနှင့်ယောကျာ်းလေးများအတွက် အတူတူ ဖြစ်လာခဲ့ပါသည်။
- အာဖရိကဆာဟာရဒေသခွဲ၊ သမုဒ္ဒရာပိုင်းဒေသနှင့် အနောက်အာရှဒေသတို့တွင် မိန်းကလေးများအနေဖြင့် မူလတန်းပညာရေးအတွက်သာမက အလယ်တန်းနှင့် အထက်တန်း ပညာရေးအတွက်ပါ တက်ရောက်ရေးအတွက် အတားအဆီးများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။
- မြောက်အာဖရိကရှိ အမျိုးသမီးများသည် စိုက်ပျိုးရေးမဟုတ်သော ကဏ္ဍတွင် ဂင်ငွေရရှိသော အလုပ် ၅ ခုတွင် တစ်ခုနှုန်းပင် မပြည့်သော အလုပ်အကိုင် ရရှိကြပါသည်။
- ယနေ့အချိန်တွင် နိုင်ငံပေါင်း ၄၆ နိုင်ငံတို့တွင် အမျိုးသားပါလီမန်တွင် အနည်းဆုံး လွှတ်တော်တစ်ရပ်၌ အမတ်နေရာ ၃၀% ကျော် ရရှိလာကြပါသည်။

# SUSTAINABLE DEVELOPMENT GOALS

## 6 CLEAN WATER AND SANITATION

### Goal 6: Ensure availability and sustainable management of water and sanitation for all

- In 2015, 91% of the global population is using an improved drinking water source, compared to 76% in 1990. However, 2.5 billion people lack access to basic sanitation services, such as toilets or latrines.
- Each day, an average of 5,000 children die due to preventable water and sanitation-re lated diseases.
- Hydropower is the most important and widely used renewable source of energy and as of 2011, represented 16% of total electricity production worldwide.
- Approximately 70% of all available water is used for irrigation.
- Floods account for 15% of all deaths related to natural disasters.

SUSTAINABLE DEVELOPMENT GOALS




## ပန်းတိုင် (၆) လူသားတိုင်း သန့်ရှင်းသော သောက်သုံးရေ နှင့် မိလ္လာစနစ် ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှု ဖြစ်ပေါ်စေရေး

- ၁၉၉၀ ပြည့်နှစ်တွင် ရှိခဲ့သော ၇၆% နှင့်နှိုင်းယှဉ်လျှင် ၂၀၁၅ ခုနှစ်၌ ကမ္ဘာ့လူဦးရေး၏ ၉၁% သည် ပိုမိုတိုးတက်ကောင်းမွန်သော သောက်သုံးရေ အရင်းအမြစ်တစ်ရပ်ကို အသုံးပြုနေကြပြီ ဖြစ်သည်။ သို့သော် လူဦးရေ ၂.၅ ဘီလီယံ သည် ရေလောင်းအိမ်သာ သို့မဟုတ် တွင်းအိမ်သာ ကဲ့သို့သော အခြေခံ မိလ္လာစနစ်များကို လက်လှမ်းမီ အသုံးပြုနိုင်မှု မရရှိကြသေးပါ။
- နေ့စဉ် ပျမ်းမျှ ကလေးသူငယ် ၅၀၀၀ တို့သည် ကာကွယ်နိုင်သော ရေနှင့်မိလ္လာဆိုင်ရာရောဂါများကြောင့် သေဆုံးနေကြရပါသည်။
- ရေအားလျှပ်စစ်သည် အရေးကြီးဆုံးနှင့် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေသော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်ပြီး၊ ၂၀၁၁ ခုနှစ်အထိ စာရင်းများအရ ကမ္ဘာအနှံ့အပြား စုစုပေါင်း လျှပ်စစ်ထုတ်လုပ်မှု၏ ၁၆% ရာခိုင်နှုန်းရှိပါသည်။
- ရရှိအသုံးပြုနိုင်သောရေအရင်းအမြစ်အားလုံး၏ ၇၀% ခန့်သည် ရေသွင်းစိုက်ပျိုးရေးအတွက် အသုံးပြုပါသည်။
- သဘာဝဘေးအန္တရာယ်များနှင့်ဆက်စပ်၍သေဆုံးမှုများအားတွင်ရေလွှမ်းမိုးမှုများကြောင့် သေဆုံးမှုမှာ ၁၅% ရှိပါသည်။

SUSTAINABLE DEVELOPMENT GOALS

# 7 AFFORDABLE AND CLEAN ENERGY

## Goal 7: Ensure access to affordable, reliable, sustainable and modern energy for all

- 1.3 billion people – one in five globally – still lack access to modern electricity.
- 3 billion people rely on wood, coal, charcoal or animal waste for cooking and heating.
- Energy is the dominant contributor to climate change, accounting for around 60% of total global greenhouse gas emissions.
- Energy from renewable resources – wind, water, solar, biomass and geothermal energy – is inexhaustible and clean. Renewable energy currently constitutes 15% of the global energy mix.

SUSTAINABLE DEVELOPMENT GOALS


7 လူတိုင်း လက်လှမ်းမီမှုရှိပြီး သန့်ရှင်းသော စွမ်းအင်ရရှိရေး

## ပန်းတိုင် (၇) လူသားတိုင်း လက်လှမ်းမီမှုရှိသော၊ စိတ်ချရသော၊ ရေရှည်တည်တံ့ခိုင်မြဲသော၊ ခေတ်မီ စွမ်းအင် ရရှိရေး

- ကမ္ဘာပေါ်ရှိ လူ ၅ ဦးတွင် တစ်ဦးနှုန်းဖြစ်သည့် လူပေါင်း ၁.၃ ဘီလီယံ သည် ခေတ်မီလျှပ်စစ်မီး ရရှိမှု မရှိကြသေးပါ။
- လူပေါင်း ၃ ဘီလီယံမှာ ချက်ပြုတ်ရေးနှင့်အပူဓာတ်ရရှိရေးအတွက် ထင်း၊ ကျောက်မီးသွေး၊ မီးသွေး သို့မ ဟုတ် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ အပေါ်မှီခိုနေကြရပါသည်။
- စွမ်းအင်သည် ရာသီဥတုပြောင်းလဲမှုအတွက် အဓိက အထောက်အကူပြုနေသည့် အချက်တစ်ခု ဖြစ်ပြီး၊ စုစုပေါင်းကမ္ဘာ့ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ၆၀% ခန့်သည် စွမ်းအင်ကြောင့် ဖြစ်ပါသည်။
- ပြန်လည်ပြည့်ဖြိုးလာနိုင်သည့် အရင်းအမြစ်များဖြစ်သည့် - လေ၊ ရေ၊ နေ၊ ဇီဝ နှင့် အပူ စွမ်းအင် - တို့မှ ရရှိသည့် စွမ်းအင်သည် ကုန်ခမ်းမှု မရှိနိုင်ပဲ သန့်ရှင်းမှုလည်းရှိပါသည်။ လတ်တလောအချိန် တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် ကမ္ဘာပေါ်ရှိ စွမ်းအင်များအားလုံးပေါင်း၏ ၁၅% ပါဝင် ပါသည်။

United Nations

SUSTAINABLE DEVELOPMENT GOALS




## Goal 8: Promote sustained, inclusive and sustainable economic growth, full and productive employment and decent work for all

- Global unemployment increased from 170 million in 2007 to nearly 202 million in 2012, of which about 75 million are young women and men.
- Nearly 2.2 billion people live below the US$2 poverty line and poverty eradication is only possible through stable and well-paid jobs.
- 470 million jobs are needed globally for new entrants to the labour market between 2016 and 2030.
- Small and medium-sized enterprises that engage in industrial processing and manu facturing are the most critical for the early stages of industrialization and are typically the largest job creators. They make up over 90% of business worldwide and account for between 50-60% of employment.

SUSTAINABLE DEVELOPMENT GOALS

## 8 သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် စီးပွားရေး ဖွံ့ဖြိုးမှု ရရှိရေး

## ပန်းတိုင်(၈) စဉ်ဆက်မပြတ်ဖြစ်ထွန်းပြီး အားလုံး အကျုံးဝင်သော ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် ရရှိစေရေး

- ကမ္ဘာပေါ်ရှိ အလုပ်လက်မဲ့နှုန်းသည် ၂၀၀၇ ခုနစ်တွင် သန်းပေါင်း ၁၇၀ ရှိခဲ့ရာမှ ၂၀၁၂ ခုနစ်တွင် ၂၀၂ သန်းနီးပါးထိ ရှိလာခဲ့ပါသည်။ ယင်းတို့ထဲတွင် ၇၅ သန်းမှာ ငယ်ရွယ်သော အမျိုးသမီးများ နှင့် အမျိုးသားများ ဖြစ်ကြပါသည်။
- လူပေါင်း ၂.၂ ဘီလီယံခန့်သည် ဆင်းရဲနွမ်းပါးမှုမျဉ်း သတ်မှတ်ချက်ဖြစ်သည့် အမေရိကန်ဒေါ်လာ ၂ ဒေါ်လာအောက်တွင် မီခိုနေထိုင်ကြရပါသည်။ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးမှာ တည်ငြိမ်မှုရှိပြီး၊ ဝင်ငွေကောင်းသော အလုပ်အကိုင်များ ရရှိမှသာ ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။
- တစ်ကမ္ဘာလုံးတွင် ၂၀၁၆ ခုနစ်နှင့် ၂၀၃၀ ပြည့်နှစ်တို့ကြားတွင် လုပ်သားဈေးကွက်သို့ အသစ်ဝင်ရောက် လာမည့်သူများအတွက် အလုပ်အကိုင်ပေါင်း ၄၇၀ သန်း လိုအပ်ပါသည်။
- စက်မှုကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် အသေးစားနှင့်အလတ်စား လုပ်ငန်းများသည် စက်မှုတည်ဆောက်ရေး အစောပိုင်းကာလများအတွက် အရေးအပါဆုံးသော လုပ်ငန်းများဖြစ်သလို၊ အခြေခံအားဖြင့်လည်း အကြီးမားဆုံး အလုပ်အကိုင်ဖန်တီးပေးသူများ ဖြစ်ပါသည်။ ယင်းတို့သည် ကမ္ဘာအနှံ့အပြားရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀% ရှိပြီး၊ အလုပ်အကိုင်ခန့်ထားပေးမှု ၅၀% မှ ၆၀% ကြား ဖြည့်ဆည်းပေးပါသည်။

SUSTAINABLE DEVELOPMENT GOALS

9 INDUSTRY, INNOVATION AND INFRASTRUCTURE

## Goal 9: Build resilient infrastructure, promote inclusive and sustainable industrialization and foster innovation

- About 2.6 billion people in the developing world are facing difficulties in accessing electricity full time.
- 2.5 billion people worldwide lack access to basic sanitation and almost 800 million people lack access to water, many hundreds of millions of them in sub-Saharan Africa and South Asia.
- 1 to 1.5 million people do not have access to reliable phone service.
- For many African countries, particularly the lower-income countries, infrastructure constraints affect company productivity by around 40%.
- Manufacturing is an important employer, accounting for around 470 million jobs worldwide in 2009 – or around 16% of the world's workforce of 2.9 billion. It is estimat ed that there were more than half a billion jobs in manufacturing in 2013.
- Industrialization's job multiplication effect has a positive impact on society. Every one job in manufacturing creates 2.2 jobs in other sectors.
- In developing countries, barely 30% of agricultural production undergoes industrial processing. In high-income countries, 98% is processed. This suggests that there are great opportunities for developing countries in agribusiness.

SUSTAINABLE DEVELOPMENT GOALS

9 စက်မှုလုပ်ငန်း၊ဆန်းသစ်တီထွင်မှုနှင့် အခြေခံအဆောက်အအုံ မြှင့်တင်ရေး

## ပန်းတိုင် (၉) ကြံ့ခိုင်သော အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ အားလုံးအကျုံးဝင်ပြီး၊ ရေရှည်တည်တံ့သည့် စက်မှုလုပ်ငန်းထူထောင်ရေးနှင့် ဆန်းသစ်တီထွင်မှုများကို အားပေးမြှင့်တင်ပေးရေး

- ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူပေါင်း ၂.၆ ဘီလီယံခန့်မှာ အချိန်ပြည့် လျှပ်စစ်မီး ရရှိမှုတွင် အခက်အခဲ များ ရင်ဆိုင်နေရပါသည်။
- ကမ္ဘာအနှံ့အပြားရှိ ပြည်သူပေါင်း ၂.၅ ဘီလီယံမှာ အခြေခံသန့်ရှင်းရေးစနစ် လက်လှမ်းမီမှု မရှိကြပဲ၊ ပြည်သူ သန်း ၈၀၀ နီးပါးမှာ သောက်သုံးရေ ရရှိမှု မရှိကြဘဲ၊ ယင်းတို့ထဲမှ သန်းပေါင်းများစွာ တို့မှာ အာဖရိက ဆာဟာရဒေသခွဲနှင့် တောင်အာရှဒေသမှ ဖြစ်ကြပါသည်။
- လူပေါင်း ၁ သန်း မှ ၁.၅ သန်းမှာ ယုံကြည်အားထားလောက်သော ဖုန်းဝန်ဆောင်မှု မရရှိကြပါ။
- အာဖရိကနိုင်ငံများစွာအတွက် အထူးသဖြင့် ဝင်ငွေနိမ့်ကျသော တိုင်းပြည်များတွင် အခြေခံအဆောက်အအုံ အကန့်အသတ်များရှိနေခြင်းသည် ကုမ္ပဏီ ကုန်ထုတ်မှုအပေါ် ၄၀% ခန့် ထိခိုက်စေပါသည်။
- ကုန်ထုတ်လုပ်ငန်းသည် အရေးပါသော အလုပ်ရှင်ဖြစ်ပြီး၊ ၂၀၀၉ ခုနှစ်တွင် ကမ္ဘာတစ်ဝှမ်း၌ အလုပ် အကိုင်ပေါင်း ၄၇၀ သန်းခန့် ဖန်တီးပေးခဲ့သည် သို့မဟုတ် ကမ္ဘာ့လုပ်သားအင်အား ၂.၉ ဘီလီယံ ထဲမှ ၁၆% ခန့်ကို အလုပ်အကိုင် ခန့်ထားပေးခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၌ ကုန်ထုန်လုပ်ငန်းကဏ္ဍတွင် ဘီလီယံတစ်ဝက်ကျော်ခန့်ရှိ အလုပ်အကိုင်များ ရရှိခဲ့ကြောင်း ခန့်မှန်းဖော်ပြခဲ့ကြပါသည်။
- စက်မှုတည်ဆောက်ခြင်းကြောင့် အလုပ်အကိုင် ဆပွားတိုးတက်လာစေသည်ဆိုသည့်အချက်သည် လူမှုအဖွဲ့အစည်းအပေါ် ကောင်းမွန်သော အကျိုးသက်ရောက်မှု ဖြစ်ပါသည်။ ကုန်ထုတ်လုပ်ငန်းရှိ အလုပ်အကိုင်တစ်ခုသည် အခြားကဏ္ဍများတွင် အလုပ်အကိုင် ၂.၂ ခု ကို ဖန်းတီးပေးပါသည်။
- ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်း၏ ၃၀% မျှသာ စက်မှုလုပ်ငန်းတွင် ပါဝင်လုပ် ဆောင်ကြပါသည်။ ဝင်ငွေမြင့်မားသော တိုင်းပြည်များတွင် ၉၈% ထိ ပါဝင်ဆောင်ရွက်ပါသည်။

SUSTAINABLE DEVELOPMENT GOALS




## Goal 10: Reduce inequality within and among countries

- On average – and taking into account population size – income inequality increased by 11% in developing countries between 1990 and 2010.
- A significant majority of households in developing countries – more than 75% – are living today in societies where income is more unequally distributed than it was in the 1990s.
- Children in the poorest 20% of the population are still up to three times more likely to die before their fifth birthday than children in the richest quintiles.
- Social protection has been significantly extended globally, yet persons with disabilities are up to five times more likely than average to incur catastrophic health expenditures.
- Despite overall declines in maternal mortality in the majority of developing countries, women in rural areas are still up to three times more likely to die while giving birth than women living in urban centres.

SUSTAINABLE DEVELOPMENT GOALS

10 မညီမျှမှုများ လျော့နည်းသွားစေရေး

## ပန်းတိုင် (၁၀) နိုင်ငံတွင်း နှင့် နိုင်ငံများကြား မညီမျှမှု လျော့ချရေး

- ပျမ်းမျှခြင်းအားဖြင့် လူဦးရေအရွယ်အစားကို ထည့်သွင်းစဉ်းစားလျှင် ၁၉၉၀ နှင့် ၂၀၁၀ ပြည့်နှစ်တို့ကြား၌ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝင်ငွေမညီမျှမှုသည် ၁၁% ခန့် တိုးတက်လာပါသည်။
- ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အိမ်ထောင်စု အများစု - ၇၅% ကျော် - တို့သည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ရှိခဲ့သည်ထက် ပိုမို၍ ယနေ့အချိန်တွင် လူမှုအဖွဲ့အစည်းအတွင်း၌ ဝင်ငွေမညီမျှမှုများ ရှိနေပါသည်။
- အဆင်းရဲဆုံးလူ ၂၀% ရှိ ကလေးများသည် အချမ်းသာဆုံး မိသားစုများရှိ ကလေးများထက် ၄င်းတို့ ၏ ၅ နှစ်မြောက်မွေးနေ့မတိုင်မီ သေဆုံးမှု ဖြစ်နိုင်ခြေ ၃ ဆအထိ ပိုမိုများပြားပါသည်။
- ကမ္ဘာတစ်ပှမ်းလုံးတွင် လူမှုကာကွယ်ရေးအစီအစဉ်များကို သိသိသာသာ တိုးချဲ့ဆောင်ရွက်နေကြပါသည်၊ သို့သော် မစွမ်းမသန်ဖြစ်နေသည့်သူများအနေဖြင့် သာမန်လူများထက်စာလျှင် ဘေးဒုက္ခရောက်စေနိုင်လောက်သည့် ကျန်းမာရေးကုန်ကျစရိတ်များ ကျခံနိုင်ရခြေ ၅ အထိ ပိုမို များပြားပါ သည်။
- ခြုံငုံကြည့်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် မိခင်သေဆုံးမှုနှုန်း ကျဆင်းသွားသော်လည်း၊ ကျေးလက် ဒေသမှအမျိုးသမီးများသည့် မြို့ပြဒေသတွင်နေထိုင်ကြသော အမျိုးသမီးထက်စာလျှင် ကလေးမွေးဖွားချိန်၌ သေဆုံးမှုဖြစ်နိုင်ခြေ ၃ ဆ ခန့် ပိုမိုများပါသည်။

SUSTAINABLE DEVELOPMENT GOALS

11 SUSTAINABLE CITIES AND COMMUNITIES

## Goal 11: Make cities and human settlements inclusive, safe, resilient and sustainable

- Half of humanity – 3.5 billion people – lives in cities today. By 2030, almost 60% of the world’s population will live in urban areas.
- 828 million people live in slums today and the number keeps rising.
- The world’s cities occupy just 2% of the Earth’s land, but account for 60 – 80% of energy consumption and 75% of carbon emissions. Rapid urbanization is exerting pressure on fresh water supplies, sewage, the living environment, and public health. But the high density of cities can bring efficiency gains and technological innovation while reducing resource and energy consumption.
- Cities have the potential to either dissipate the distribution of energy or optimise their efficiency by reducing energy consumption and adopting green – energy systems. For instance, Rizhao, China has turned itself into a solar – powered city; in its central districts, 99% of households already use solar water heaters.

SUSTAINABLE DEVELOPMENT GOALS




## ပန်းတိုင် (၁၁)အားလုံးအကျုံးဝင်သော၊ ဘေးကင်းလုံခြုံမှုရှိသော၊ ကြံ့ခိုင်မှုမရှိသော၊ ရေရှည် တည်တံ့နိုင်သော မြို့ပြများ နှင့် လူနေရပ်ကွက်များ ထူထောင်ရေး

- လူသားမျိုးနွယ်တို့၏ထက်ဝက် - လူပေါင်း ၃.၅ ဘီလီယံ - သည် ယခုအခါ မြို့ကြီးပြကြီးများတွင် နေထိုင်ကြပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၆၀% နီးပါသည် မြို့ပြဒေသများတွင် နေထိုင်ကြမည်ဖြစ်သည်။
- ယနေ့အချိန်အခါတွင် လူပေါင်း ၈၂၈ သန်းတို့သည် ပုံကျရပ်ကွက်များတွင် နေထိုင်ကြပြီး၊ အဆိုပါ အရေအတွက်သည် မြင့်မားလာနေပါသည်။
- ကမ္ဘာပေါ်ရှိ မြို့ကြီးများသည် ကမ္ဘာ့ကုန်းမြေ၏ ၂% လောက်အပေါ်တွင်သာ တည်ဆောက်ထားခြင်း ဖြစ်သည်။ သို့သော် ယင်းတို့မှာ စွမ်းအင်အသုံးပြုမှုတွင် ၆၀% မှ ၈၀%ကြားရှိပြီး၊ ကာဗွန်ထုတ်လွှတ်မှုမှာ ၇၅% ရှိပါသည်။ လျှင်မြန်စွာ မြို့ပြတည်ဆောက်လာခြင်းကြောင့် သန့်ရှင်းသော သောက်သုံးရေရရှိမှု၊ မိလ္လာစနစ်၊ လူနေထိုင်မှုပတ်ဝန်းကျင် နှင့် ပြည်သူ့ကျန်းမာရေး ကိစ္စရပ်များအပေါ်တွင် ဖိအားကျရောက်စေပါသည်။ သို့သော် မြို့ကြီးပြကြီးများတွင် လူဦးရေသိပ်သည်းမှု မြင့်မားခြင်းသည် စွမ်းရည်ပြည့်ဝမှုနှင့် နည်းပညာတီထွင်ဆန်းသစ်မှုများကို ဖြစ်ပေါ်စေပြီး၊ အရင်းအမြစ်များနှင့် စွမ်းအင်အသုံးပြုမှုကို လျော့ကျစေပါသည်။
- မြို့ကြီးများသည် စွမ်းအင်ဖြန့်ဖြူးမှုကို လျော့ပါးသွားစေနိုင်သည် သို့မဟုတ် စွမ်းအင်အသုံးပြုမှုကို လျှော့ချခြင်း နှင့် အစိမ်းရောင် စွမ်းအင်စနစ်များ ချမှတ်ကျင့်သုံးခြင်းဖြင့် ၎င်းတို့၏စွမ်းအင်ဆိုင်ရာ အကုန်အကျသက်သာစေမှုကို မြှင့်တင်ဆောင်ရွက်လာနိုင်မည့် အလားအလာရှိနေပါသည်။ ဥပမာ တရုတ်နိုင်ငံရှိ Rizhao သည် နေရောင်ခြည်စွမ်းအင်သုံး မြို့အဖြစ်သို့ ပြောင်းလဲခဲ့ပြီး၊ ယင်း၏ ဗဟိုခရိုင်များတွင် အိမ်ထောင်စု ၉၉% တို့သည် နေရောင်ခြည်သုံး ရေအပူပေးစက်များကို အသုံးပြုနေ ကြပြီဖြစ်ပါသည်။

SUSTAINABLE DEVELOPMENT GOALS

12 RESPONSIBLE CONSUMPTION AND PRODUCTION

## Goal 12: Ensure sustainable consumption and production patterns

- 1.3 billion tonnes of food are wasted every year.
- If people worldwide switched to energy-efficient lightbulbs, the world would save US$120 billion annually.
- Should the global population reach 9.6 billion by 2050, the equivalent of almost three planets could be required to provide the natural resources needed to sustain current lifestyles.
- More than 1 billion people still do not have access to fresh water.

SUSTAINABLE DEVELOPMENT GOALS

12 တာဝန်သိသော စားသုံးမှု ပုံစံ ဖြစ်ပေါ်စေရေး

## ပန်းတိုင် (၁၂) စဉ်ဆက်မပြတ် စားသုံးမှု နှင့် ထုတ်လုပ်မှု ပုံစံများ ဖြစ်ပေါ်စေရေး

- နှစ်စဉ် အစားအသောက် ၁.၃ ဘီလီယံ တန် ကို စွန့်ပစ်နေကြပါသည်။
- အကယ်၍ ကမ္ဘာတစ်ဝှမ်းရှိ ပြည်သူများသည် စွမ်းအင်အကုန်အကျသက်သာသော မီးသီးများ အသုံးပြုလာကြလျှင် ကမ္ဘာပေါ်တွင် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၂ဝ ဘီလီယံ သက်သာစေ မည်ဖြစ်သည်။
- ၂ဝ၅ဝ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ၉.၆ ဘီလီယံ သို့ ရောက်ရှိလာလျှင် လက်ရှိလူနေမှုပုံစံ ကို ထိန်းသိမ်းထားနိုင်စေရန် လိုအပ်သော သဘာဝသယံဇာတ အရင်းအမြစ်များ ဖြည့်ဆည်းပေးရန် ဂြိုဟ်ကြီး ၃ ခုစာ လိုအပ်မည်ဖြစ်သည်။
- လူဦးရေ ၁ ဘီလီယံကျော်သည် သန့်ရှင်းသော သောက်သုံးရေ လက်လှမ်းမီမှု မရှိကြသေးပါ။

United Nations

SUSTAINABLE DEVELOPMENT GOALS

13 CLIMATE ACTION

## Goal 13: Take urgent action to combat climate change and its impacts

- The greenhouse gas emissions from human activities are driving climate change and continue to rise. They are now at their highest levels in history. Global emissions of carbon dioxide have increased by almost 50% since 1990.
- The atmospheric concentrations of carbon dioxide, methane, and nitrous oxide have increased to levels unprecedented in at least the last 800,000 years. Carbon dioxide concentrations have increased by 40% since pre-industrial times, primarily from fossil fuel emissions and secondarily from net land use change emissions. The ocean has absorbed about 30% of the emitted anthropogenic carbon dioxide, causing ocean acidification.
- Each of the last three decades has been successively warmer at the Earth's surface than any preceding decade since 1850. In the Northern Hemisphere, 1983-2012 was likely the warmest 30-year period of the last 1,400 years.
- From 1880 to 2012, average global temperature increased by 0.85°C. Without action, the world's average surface temperature is projected to rise over the 21st century and is likely to surpass 3 degrees Celsius this century – with some areas of the world, including in the tropics and subtropics, expected to warm even more. The poorest and most vulnerable people are being affected the most.
- The rate of sea level rise since the mid-19th century has been larger than the mean rate during the previous two millennia. Over the period 1901 to 2010, global mean sea level rose by 0.19 [0.17 to 0.21] meters.
- From 1901 to 2010, the global average sea level rose by 19 cm as oceans expanded due to warming and melted ice. The Arctic's sea ice extent has shrunk in every successive decade since 1979, with 1.07 million km$^2$ of ice loss every decade.
- It is still possible, using an array of technological measures and changes in behaviour, to limit the increase in global mean temperature to two degrees Celsius above pre-industrial levels.
- There are multiple mitigation pathways to achieve the substantial emissions reductions over the next few decades necessary to limit, with a greater than 66% chance, the warming to 2ºC – the goal set by governments. However, delaying additional mitigation to 2030 will substantially increase the technological, economic, social and institutional challenges associated with limiting the warming over the 21st century to below 2 ºC relative to pre-industrial levels




## ပန်းတိုင် (၁၃) ရာသီဥတုပြောင်းလဲမှုနှင့် ယင်း၏ အကျိုးသက်ရောက်မှုများ လျော့ပါးစေရေးအတွက် အရေးကြီး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး

- လူသားများ၏လုပ်ဆောင်မှုကြောင့် ထွက်ပေါ်လာသော ဖန်လုံအိမ်ဓာတ်ငွေ့များသည်ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေပြီး၊ ဆက်လက်မြင့်တက်နေဆဲလည်းဖြစ်ပါသည်။ လက်ရှိအချိန်တွင် ယင်းတို့သည် သမိုင်းစဉ်တစ်လျောက်၌ အမြင့်ဆုံး အဆင့်တွင်ရှိနေပါသည်။

ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုသည် ၁၉၉၀ ပြည့်နှစ်မှစ၍ ၅၀% နီးပါး တိုးတက်လာပါသည်။

- ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ မီးသိန်းဓာတ်ငွေ့နှင့် နိုက်တရပ်စ်အောက်ဆိုက် ဓာတ်ငွေ့များ လေ့ထုထဲတွင် စုဝေးလာမှုသည် အနည်းဆုံး လွန်ခဲ့သော နှစ်ပေါင်း ၈၀၀၀၀၀ က မကြုံတွေ့ခဲ့ဖူး သော အဆင့်အထိတိုးတက်လာပါသည်။ စက်မှုထွန်းကားသည့် ခေတ်မတိုင်မီကစ၍ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့စုဝေးမှုသည် ၄၀% တိုးတက်လာပြီး၊ အဓိအားဖြင့် ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာထုတ်လွှတ်မှုနှင့် ဒုတိယအနေဖြင့် မြေယာအသုံးချမှုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသော ထုတ်လွှတ်မှုများကြောင့် ဖြစ်သည်။ သမုဒ္ဒရာများက မနုသကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု၏ ၃၀%ခန့်ကို စုပ်ယူပေးပြီး၊ သမုဒ္ဒရာအတွင်း အက်ဆစ်ပျော်ဝင်မှုကို ဖြစ်ပေါ်စေပါသည်။
- ၁၈၅၀ ခုနှစ်မှစ၍ ဖြစ်ပေါ်ခဲ့သော ဆယ်စုနှစ်များထက်စာလျှင် လွန်ခဲ့သော ဆယ်စုနှစ် ၃ ခုတွင် ဖြစ်ပေါ်ခဲ့သော ကမ္ဘာမြေမျက်နှာပြင်၏ အပူချိန်သည် ဆက်တိုက်ဆိုသလို ပိုမိုပူနွေးလာပါသည်။ မြောက်ပိုင်းကမ္ဘာခြမ်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၄၀၀ ကာလအတွင်း ၁၉၈၃-၂၀၁၂ ခုနှစ် ကာလသည် အပူနွေးဆုံးကာလ ဖြစ်ခဲ့ပါသည်။
- ၁၈၈၀ ခုနှစ် မှ ၂၀၁၂ ခုနှစ်ကြားကာလတွင် ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၀.၈၅ ဒီဂရီ ဆဲဆီးရပ် တိုးလာပါသည်။ အရေးယူဆောင်ရွက်မှုမရှိလျှင် ကမ္ဘာ့မြေမျက်နှာပြင်ပျမ်းမျှအပူချိန်သည် ၂၁ ရာစုအတွင်း မြင့်တက်လာမည်ဖြစ်ပြီး၊ ယခုရာစုနှစ်အတွင်း ၃ ဒီဂရီ ဆဲဆီးရပ် ကျော်လွန် တိုးတက်လာနိုင်ခြေရှိပါသည်။ အပူပိုင်းဇုန် နှင့် အပူလျော့ပိုင်းဇုန် တို့အပါအဝင် ကမ္ဘာ့ဒေသအချို့သည် ပိုမို၍ပင် ပူနွေးလာနိုင်သည်ဟု မျှော်မှန်းရပါသည်။ ဆင်းရဲနွမ်းပါးဆုံးနှင့် ထိခိုက်ခံစားရအလွယ်ဆုံးသော သူများသည် ယင်းရာသီဥတုပူနွေးလာမှုဒဏ်ကို အခံစားရဆုံး ဖြစ်ပါမည်။

SUSTAINABLE DEVELOPMENT GOALS

- ၁၉ ရာစုအလယ်မှစ၍ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုနှုန်းသည် လွန်ခဲ့သော ထောင်စုနှစ်စုအတွင်း ရှိခဲ့သော နှုန်းထက် ပိုမိုများပြားလာပါသည်။ ၁၉၀၁ မှ ၂၀၁၀ ခုနှစ်ကြားတွင် ကမ္ဘာ့ရေမျက်နှာပြင်သည် ၀.၁၉ (၀.၁၇ မှ ၀.၂၁) မီတာအထိ တိုးတက်လာပါသည်။
- ၁၉၀၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်ကြားတွင် ပူနွေးလာမှုနှင့်ရေခဲများ အရည်ပျော်မှုတို့နှင့်အတူ သမုဒ္ဒရာများ၏မျက်နှာပြင်မြင့်တက်လာသည့်အတွက်ကြောင့် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ၁၉ စင်တီမီတာခန့် မြင့်တက်လာခဲ့ပါသည်။ ဆယ်စုနှစ်တစ်ခုတိုင်းတစ်ခုတိုင်းတွင် ရေခဲပြင်များ၏ ကီလိုမီတာ ၁.၀၇ သန်းဆုံးရှုံးမှုနှင့်အတူ ၁၉၇၉ ခုနှစ်မှစ၍ ဆယ်စုနှစ်တိုင်းတွင် အာတိတ် ရေခဲ ပင်လယ်ပြင်အကျယ်အဝန်းသည် ကျုံ့လာခဲ့ပါသည်။
- နည်းပညာဆိုင်ရာနည်းလမ်းများနှင့် အပြုအမူအဆိုင်ရာပြောင်းလဲမှုများကို အသုံးပြု၍ ကမ္ဘာ့အပူချိန် တိုးတက်လာမှုကို စက်မှုခေတ်မတိုင်မီအဆင့်ထက် ၂ ဒီဂရီ ဆဲဆီးရပ် သို့လျော့ချကန့်သတ် နိုင်ရန်ဖြစ်နိုင်ခြေ ရှိနေဆဲဖြစ်ပါသည်။
- နောင်လာမည့် ဆယ်စုနှစ်အနည်းငယ်အတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ကျယ်ကျယ်ပြန့်ပြန့်လျော့ချရေး ရည်မှန်းချက်ရရှိရန် လျော့ချရေးနည်းလမ်းမျိုးစုံ ရှိနေပါသေးသည်၊ အစိုးရများကချမှတ်ထားသည့် ပူးနွေးလာမှုကို ၂ ဒီဂရီ ဆဲဆီးရပ်အထိလျော့ချနိုင်ရန် အခွင့်အရေး ၆၆%ကျော်ရှိနေပါသည်။ သို့သော် ကမ္ဘာကြီးပူနွေးလာမှုကို စက်မှုခေတ်မတိုင်မီအဆင့်ထက် ၂ ဒီဂရီ ဆဲဆီးရပ်လျှော့ချကန့်သတ်ရေးတွင် ၂၀၃၀ ပြည့်နှစ်အထိ နောက်ထပ်လျှော့ချရန် နှောင့်နှေးကြန့်ကြာမှုများရှိနေခြင်းသည် နည်းပညာ၊ စီးပွားရေး၊ လူမှုရေး နှင့် အဖွဲ့အစည်းဆိုင်ရာ စိန်ခေါ်မှုများကို ကြီးမားကျယ်ပြန့်စွာ တိုးပွားလာစေမည်ဖြစ်ပါသည်။

SUSTAINABLE DEVELOPMENT GOALS




## Goal 14: Conserve and sustainably use the oceans, seas and marine resources for sustainable development

- Oceans cover three-quarters of the Earth’s surface, contain 97% of the Earth’s water, and represent 99% of the living space on the planet by volume.
- Globally, the market value of marine and coastal resources and industries is estimated at $3 trillion per year or about 5% of global GDP.
- Globally, the levels of capture fisheries are near the ocean’s productive capacity, with catches on the order of 80 million tons.
- Oceans contain nearly 200,000 identified species, but actual numbers may lie in the millions.
- Oceans absorb about 30% of carbon dioxide produced by humans, buffering the impacts of global warming.
- Oceans serve as the world’s largest source of protein, with more than 3 billion people depending on the oceans as their primary source.
- Marine fisheries directly or indirectly employ over 200 million people.
- Subsidies for fishing are contributing to the rapid depletion of many fish species and are preventing efforts to save and restore global fisheries and related jobs, causing ocean fisheries to generate US$ 50 billion less per year.
- As much as 40% of world oceans are heavily affected by human activities, including pollution, depleted fisheries, and loss of coastal habitats.

SUSTAINABLE DEVELOPMENT GOALS

14 ရေအောက်သက်ရှိလောက ထိန်းသိမ်းစောင့်ရှောက်ရေး

## ပန်းတိုင်(၁၄) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ပင်လယ်၊ သမုဒ္ဒရာနှင့် ရေသယံဇာတများ ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့နိုင်သည့် နည်းလမ်းဖြင့် အသုံးပြုရေး

- သမုဒ္ဒရာများသည် ကမ္ဘာ့မျက်နှာပြင်၏ လေးပုံသုံးပုံကို ဖုံးလွှမ်းထားပြီး ကမ္ဘာ့ရေထု၏ ၉၇% ပါဝင်ကာ၊ ထုထည်အားဖြင့် ကမ္ဘာပေါ်ရှိ လူနေထိုင်သည့်နေရာ ၉၉%ကို ကိုယ်စားပြု နေပါသည်။
- ကမ္ဘာတစ်ပှမ်းတွင် အဏ္ဏဝါနှင့်ကမ်းရိုးတမ်းအရင်းအမြစ်များနှင့် လုပ်ငန်းများ၏ ဈေးကွက်တန်ဖိုးသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃ ထရီလီယံ သို့မဟုတ် ကမ္ဘာ့ GDP ၏ ၅% ခန့်ရှိမည်ဟု ခန့်မှန်းပါသည်။
- တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ကြည့်ပါက ငါးဖမ်းဆီးရရှိမှုအဆင့်များမှာ တန်ချိန် ၈၀ သန်းခန့်နှင့် အတူ သမုဒ္ဒရာပိုင်းမှ ထုတ်လုပ် ပေးနိုင်သည့်နေရာများအနီးတွင် ရှိနေပါသည်။
- သမုဒ္ဒရာများတွင် ဖော်ထုတ်ရရှိပြီး မျိုးစိတ်ပေါင်း ၂၀၀၀၀၀ နီးပါးရှိပါသည်။ သို့သော် အမှန်တကယ် တည်ရှိနေမှုသည် သန်းပေါင်းများစွာထိပင် ရှိနိုင်ပါသည်။
- သမုဒ္ဒရာများသည် လူသားများထုတ်လွှတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုက်၏ ၃၀% ခန့်ကို စုပ်ယူပေးပြီး၊ ကမ္ဘာကြီးပူနွေးလာမှုကို ဟန့်ဆီးပေးပါသည်။
- လူပေါင်း ၃ ဘီလီယံ ကျော်တို့သည် ၎င်းတို့၏ အခြေခံအစားအစာရင်းမြစ်အဖြစ် သမုဒ္ဒရာများကို မှီခိုနေထိုင်စားသောက်ကြမှုနှင့်အတူ သမုဒ္ဒရာများသည် ကမ္ဘာကြီး၏ အကြီးမားဆုံး ပရိုတင်းအရင်းအမြစ်တစ်ခုအဖြစ် ထမ်းဆောင်ပေးလျက်ရှိပါသည်။
- အဏ္ဏဝါပြင်ရေလုပ်ငန်းသည် လူပေါင်း သန်း ၂၀၀ ကျော်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အလုပ်အကိုင်ခန့်ထားပေးပါသည်။
- ငါးဖမ်းလုပ်ငန်းအတွက် အထောက်အပံ့ပေးခြင်းများသည် ငါးမျိုးစိပ်များ အလျှင်အမြန် လျော့နည်းကျဆင်းသွားမှုကို ဖြစ်စေပြီး၊ ကမ္ဘာလုံးဆိုင်ရာ ငါးဖမ်းလုပ်ငန်းများ နှင့် ဆက်စပ် အလုပ်အကိုင်များ ကို ကယ်ဆယ်ထိန်းသိမ်းပေးရန် ကြိုးပမ်းများမှုများကိုလည်း အဟန့်အတားဖြစ် စေပါသည်။ နောက်ဆက်တွဲအနေဖြင့် သမုဒ္ဒရာပိုင်းငါးဖမ်းလုပ်ငန်းမှ ရရှိသောဝင်ငွေကိုလည်း တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံ လျော့နည်းစေပါသည်။
- ကမ္ဘာပေါ်ရှိသမုဒ္ဒရာကြီးများ၏ ၄၀% လောက်သည် ညစ်ညမ်းမှု၊ ငါးသယံဇာတလျော့နည်းမှု နှင့် ကမ်းရိုးတမ်းနေထိုင်ကျက်စားရာနေရာများ ဆုံးရှုံးမှုတို့အပါအဝင် လူသားတို့၏ဆောင်ရွက်မှုများ၏ အကျိုးသက်ရောက်မှု အများအပြား ခံစားကြရပါသည်။

# SUSTAINABLE DEVELOPMENT GOALS




**Goal 15:** Protect, restore and promote sustainable use of terrestrial ecosys tems, sustainably manage forests, combat desertification, halt and reverse land degradation and halt biodiversity loss

- Thirteen million hectares of forests are being lost every year.
- Around 1.6 billion people depend on forests for their livelihood. This includes some 70 million indigenous people. Forests are home to more than 80% of all terrestrial species of animals, plants and insects.
- 2.6 billion people depend directly on agriculture, but 52% of the land used for agricul ture is moderately or severely affected by soil degradation.
- Due to drought and desertification each year, 12 million hectares are lost (23 hectares per minute), where 20 million tons of grain could have been grown.
- Of the 8,300 animal breeds known, 8% are extinct and 22% are at risk of extinction.
- As many as 80% of people living in rural areas in developing countries rely on tradition -al plant-based medicines for basic healthcare.

SUSTAINABLE DEVELOPMENT GOALS

15 မြေပေါ်သက်ရှိလောက ထိန်းသိမ်းစောင့်ရှောက်ရေး

**ပန်းတိုင်(၁၅) ကမ္ဘာလုံးဆိုင်ရာဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းပြီး ရေရှည်တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေး နှင့် သဲကန္တာရများ ဖြစ်ထွန်းမှု ပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းပျက်စီးမှု ရပ်တံ့စေရေးနှင့် ဇီဝ မျိုးစုံမျိုးကွဲများ ပြုန်းတီးမှု ရပ်တံ့စေရေး**

- နှစ်စဉ် သစ်တော ဟက်တာ ၁၃ သန်း ဆုံးရှုံးလျက်ရှိပါသည်။
- လူဦးရေ ၁.၆ ဘီလီယံခန့်သည် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သစ်တောများပေါ်တွင် မှီခိုအားထားနေကြရပါသည်။ ယင်းတို့အထဲတွင် ဒေသခံတိုင်းရင်းသား ၇၀ သန်းခန့်ပါဝင်ပါသည်။ သစ်တောများသည် ကမ္ဘာမြေပေါ်ရှိ တိရစ္ဆာန်များ၊ အပင်များ နှင့် အင်းဆက်ပိုးမွှား များအားလုံးတို့၏ ၈၀% ကျော် နေထိုင်ရာ နေရာများလည်းဖြစ်ပါသည်။
- လူပေါင်း ၂.၆ ဘီလီယံတို့သည် စိုက်ပျိုးရေးပေါ်တွင် တိုက်ရိုက်မှီခိုအားထားနေကြပါသည်၊ သို့သော် စိုက်ပျိုးရေးအတွက်အသုံးပြုသော မြေယာများ၏ ၅၂% သည် မြေဆီလွှာ ပျက်စီးဆုံးရှုံးမှု ဒဏ်ကို အသင့်အတင့် သို့မဟုတ် ဆိုးဆိုးဝါးဝါး ခံစားနေရပါသည်။
- နှစ်စဉ် မိုးခေါင်မှု သို့မဟုတ် ကန္တာရဖြစ်ထွန်းမှုတို့ကြောင့် ဟက်တာ ၁၂ သန်း (တစ်မိနစ်လျှင် ၂၃ ဟက်တာ) ဆုံးရှုံးနေပါသည်။ ယင်းမြေယာပမာဏအပေါ်တွင် ဆန်းစပါးတန်ချိန် သန်း ၂၀ စိုက်ပျိုးနိုင်ပါသည်။
- မွေးမြူရေးတိရစ္ဆာန် ၈၃၀၀ အနက် ၈% မှာ ကွယ်ပျောက်သွားပြီး၊ ၂၂% မှာ ကွယ်ပျောက်မည့် အန္တရာယ်နှင့် ကြုံတွေ့နေရပါသည်။
- ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကျေးလက်ဒေသများတွင်နေထိုင်ကြသော ပြည်သူ ၈၀% မှာ ၎င်းတို့၏ကျန်းမာရေးစောင့်ရှောက်မှုအတွက် အပင်မှရရှိသော တိုင်းရင်းဆေးဝါးများအပေါ်တွင် မှီခိုအားထားနေကြ ပါသည်။

SUSTAINABLE DEVELOPMENT GOALS




## Goal 16: Promote peaceful and inclusive societies for sustainable development, provide access to justice for all and build effective, accountable and inclusive institutions at all levels

- The number of refugees of concern to the United Nations High Commissioner for Refugees (UNHCR) stood at 13 million in mid-2014, up from a year earlier.
- Corruption, bribery, theft and tax evasion cost some US $1.26 trillion for developing countries per year.
- The rate of children leaving primary school in conflict-affected countries reached 50% in 2011, which amounts to 28.5 million children.

SUSTAINABLE DEVELOPMENT GOALS




ပန်းတိုင် (၁၆) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော လူ့မှုအဖွဲ့ အစည်းများ ဖြစ်ပေါ်တိုးတက်ရေး၊ အားလုံးအတွက် တရားမျှတမှု ရရှိစေရေး နှင့် အဆင့်တိုင်း၌ ထိရောက်မှုရှိ သော၊ တာဝန်ယူမှု/တာဝန်ခံမှုရှိသော၊ လူတိုင်းအကျုံးဝင်သော အဖွဲ့အစည်းများ ထူထောင်ရေး

- ၂၀၁၄ ခုနှစ် နှစ်လည်ပိုင်းတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးမှ တာဝန်ယူဆောင် ရွက်နေသော ဒုက္ခသည်အရေအတွက်သည် ၁၃ သန်း ရှိနေပြီး၊ လွန်ခဲ့သည့်တစ်နှစ်ကထက် တိုးတက်များပြားလာပါသည်။
- လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှု၊ ခိုးမှု နှင့် အခွန်ရှောင်တိမ်းမှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁.၂၆ ထရီလီယံ ဆုံးရှုံးစေပါသည်။
- ပဋိပက္ခဖြစ်ပွားနေသော တိုင်းပြည်များရှိ မူလတန်းအဆင့်ကျောင်းများမှ ကလေးများ နှုတ်ထွက်မှုနှုန်းသည် ၂၀၁၁ ခုနှစ်တွင် ၅၀% ထိရောက်ရှိခဲ့ပြီး၊ ယင်းပမာဏသည် ကလေးသူငယ် အရေ အတွက် ၂၈.၅ သန်း ဖြစ်ပါသည်။

United Nations

SUSTAINABLE DEVELOPMENT GOALS

17 PARTNERSHIPS FOR THE GOALS

## Goal 17: Strengthen the means of implementation and revitalize the global partnership for sustainable development

- Official development assistance (ODA) stood at approximately $135 billion in 2014.
- In 2014, 79% of imports from developing countries entered developed countries duty-free.
- The debt burden on developing countries remains stable at about 3% of export reve nue.
- The number of internet users in Africa almost doubled in the past four years.
- As of 2015, 95% of the world's population is covered by a mobile-cellular signal.
- 30% of the world's youth are digital natives, active online for at least five years.
- Internet penetration has grown from just over 6% of the world's population in 2000 to 43% in 2015.
- But more than four billion people do not use the Internet, and 90% of them are from the developing world.

SUSTAINABLE DEVELOPMENT GOALS

17 ရည်မှန်းချက်များအားလုံးအတွက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး

## ပန်းတိုင်(၁၇) အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ နည်းလမ်းများ ခိုင်မာအားကောင်းစေရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်အားကောင်း စေရေး

- တရားဝင်ဖွံ့ဖြိုးမှုအထောက်အပံ့ (ODA) သည် ၂၀၁၄ ခုနှစ်တွင် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၁၃၅ ဘီလီယံ ရှိပါသည်။
- ၂၀၁၄ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်များ၏ ၇၉% မှာ ဖွံ့ဖြိုးပြီးနိုင်ငံများသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ဝင်ရောက်ခဲ့ပါသည်။
- ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်တွင် ကြွေးမြီဝန်ထုပ်ဝန်ပိုးသည် ပို့ကုန်အခွန်ငွေ၏ ၃% ခန့်၌ ဆက်လက်တည်ရှိနေပါသည်။
- လွန်ခဲ့သော ၄ နှစ်အတွင်း အာဖရိကရှိ အင်တာနက်အသုံးပြုသူအရေအတွက်မှာ နှစ်ဆနီးပါး တိုးတက်လာခဲ့ပါသည်။
- ၂၀၁၅ ခုနှစ်အထိ ကမ္ဘာ့လူဦးရေ၏ ၉၅% မှာ မိုဘိုင်း-ဆယ်လူလာစနစ် လွှမ်းခြုံမှုအတွင်း ရှိနေပါသည်။
- ကမ္ဘာပေါ်ရှိလူငယ်များ၏ ၃၀% မှာ အနည်းဆုံး ၅ နှစ်အတွင်း ဒစ်ဂျစ်တယ်နည်းပညာ နှင့် အွန်လိုင်းဆက်သွယ်မှုတို့ကို အသုံးပြု နေကြပါသည်။
- အင်တာနက်ထိုးဖောက်ဝင်ရောက်မှုနှုန်းမှာ ၂၀၀၀ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၆% ကျော်သာရှိနေရာမှ ၂၀၁၅ ခုနှစ်တွင် ၄၃% သို့ တိုးတက်လာပါသည်။
- သို့သော် လူပေါင်း ၄ ဘီလီယံကျော်မှာ အင်တာနက်အသုံးပြုခြင်းမရှိဘဲ၊ ယင်းတို့ထဲမှ ၉၀% မှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ပါသည်။